ETHNIC ARMED ORGANIZATIONS SUMMIT

LAW KHEE LAR
KAREN STATE
2-9 JUNE 2015

**သတင်းထုတ်ပြန်ကြေငြာချက်**
**ရန်ကုန်မြို့၊ မြန်မာနိုင်ငံ**

၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၆) ရက်

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)တို့အကြား ပြုလုပ်သည့် (၉) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ညှိနှိုင်းအစည်းအဝေး၏ ပထမနေ့ အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၆) ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

ပထမနေ့ အစည်းအဝေးတွင် (၈) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းရေးအစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိသေးသည့် NCA မူကြမ်းထဲမှ အချက် (၃) ချက်ကို သဘောတူနိုင်ခဲ့သည်။

တဆက်တည်းမှာပင် စာချုပ်ပါအခြားအချက်များဖြစ်သည့် ပါဝင်လက်မှတ်ရေးထိုးမည့်သူများကိစ္စနှင့် အသိသက်သေကိစ္စများကိုလည်း ဆက်လက်ဆွေးနွေးညှိနှိုင်းရာသဘောတူညီမှုအချက်အချို့ကို ရရှိခဲ့သည်။

ထို့အပြင် စာချုပ်ချုပ်ဆိုရာတွင် (SD) ဘက်မှ အဆိုပြုသည့် အားလုံးပါဝင်လက်မှတ်ရေးထိုးမည့် ကိစ္စနှင့် ပါတ်သက်၍ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၇) ရက်နေ့တွင်ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပြီး စာချုပ်ပါ အချက်အားလုံးအပေါ် နှစ်ဘက်သဘောတူညီမှုရရှိပြီးမှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ကိုအပြီးသတ်နိုင်မည်ဖြစ်သည်။

**ဆက်သွယ်ရန် -**

(၁) ပူးဇင်ကျုံး - ၀၉၇ ၈၈၀ ၉၂၀၃၂
(၂) စောကွယ်ထူးဝင်း - ၀၉၄ ၂၂၁၉ ၁၉၄၁
(၃) နိုင်ဟံသာ - ၀၉၂ ၅၀၈၅ ၁၈၈၀

**သတင်းနှင့်ပြန်ကြားရေးအဖွဲ့**

အီးမေးလ်- sd.media.eaos@gmail.com
ဖုန်း ၀၉၂ ၆၄၀၉ ၇၂၁၉